## ရည်ရွယ်ချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများသည် အရေးပါသည့်အစိတ်အပိုင်း တစ်ရပ်အဖြစ် ပါဝင်လျက်ရှိသဖြင့်ယင်းအဖွဲ့အစည်းများ၏ ဝင်ငွေခွန်ကင်းလွတ်ခွင့်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ယင်းအဖွဲ့အစည်းများသို့ ရန်ပုံငွေထည့်ဝင်လှူဒါန်းသူများကို ဝင်ငွေခွန်ဥပဒေနှင့်အညီ စရိတ်အဖြစ် နုတ်ပယ်ခွင့် ပြုနိုင်စေရန် ရည်ရွယ်ပါသည်။(ဤလက်ကမ်းစာစောင်သည် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်သက်ဆိုင်ခြင်းမရှိပါ။)

## အကျိုးအမြတ်မယူသော အဖွဲ့အစည်း

အကျိုးအမြတ်မယူသော အဖွဲ့အစည်းဆိုသည်မှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(INGO)၊ ပုဂ္ဂလိကဖောင်ဒေးရှင်း၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းနှင့် အလားတူအဖွဲ့အစည်းများကို ဆိုပါသည်။

## အဖွဲ့အစည်း၏ တာဝန်များ

အကျိုးအမြတ်မယူသော အဖွဲ့အစည်းများသည် အောက်ပါ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရမည် –

- ❖ အခွန်ထမ်း မှတ်ပုံတင်ခြင်း၊
- ❖ အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်း၊
- ❖ နှစ်ချုပ်ကြေညာလွှာတင်သွင်းခြင်း၊
- ❖ လစာနှစ်ချုပ်စာရင်းများ တင်သွင်းခြင်း၊
- ❖ အခွန်ပေးဆောင်ခြင်း ( ပင်ရင်းမှနုတ်ယူပေးသွင်းခြင်းနှင့် လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း)၊
- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ စာရင်းမှတ်တမ်းများ ထားရှိခြင်း။

## အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်ထားခြင်း

အကျိုးအမြတ်မယူသောအဖွဲ့အစည်းများအနေဖြင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများကထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် ပူးတွဲလျက် လျှောက်ထားရမည် ဖြစ်ပါသည်-

- ❖ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဖြစ်ပါက အမှတ် ၅၉/ ၆၁၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံးသို့လည်းကောင်း၊ (email- ctpsuird@gmail.com)
- ❖ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အဖွဲ့အစည်းများဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

## လျှောက်ထားရမည့် အချိန်ကာလ

အကျိုးအမြတ်မယူသောအဖွဲ့အစည်းများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းအား အောက်ပါကာလအတိုင်း လျှောက်ထားရမည်-

- ❖ ၁-၁၀-၂၀၂၀ မတိုင်မီ ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်ပါက ၁-၁၀-၂၀၂၀ နေ့မှ ရက်ပေါင်း (၁၈၀) အတွင်း၊
- ❖ အသစ်စတင်ဖွဲ့စည်းသော အဖွဲ့အစည်းများ ဖြစ်ပါက ဖွဲ့စည်းတည်ထောင်သည့်နေ့မှ ရက်ပေါင်း(၉၀) အတွင်း။

မှတ်ပုံတင်ထားသည့် အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် အပြောင်းအလဲ တစ်စုံတစ်ရာရှိပါက အသိပေး အကြောင်းကြား ပေးပါရန်နှင့် အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ ဖျက်သိမ်းလျှင်ဖြစ်စေ မှတ်ပုံတင်အမှတ် ပယ်ဖျက်ပေးရန် လျှောက်ထားရမည်။

## အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်း

အကျိုးအမြတ်မယူသောအဖွဲ့အစည်းများသည် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ်လျှောက်ထားလိုပါက အခွန်ထမ်းမှတ်ပုံတင်အမှတ်ရရှိပြီး(၁)လအတွင်း လျှောက်ထားပေးရန် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသို့လည်းကောင်း (email- ctpsuird@gmail.com)၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့လည်းကောင်း သတ်မှတ်ပုံစံနှင့်အတူ အောက်ပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် လျှောက်ထားနိုင်ပါသည် –

- ❖ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်တစ်ခုခုတွင် အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) ကို အသုံးပြု၍ ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအမှတ်၊
- ❖ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသိအမှတ်ပြု ထုတ်ပေးထားသော အသင်းအဖွဲ့လက်မှတ်၊
- ❖ အဖွဲ့အစည်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေအနေဖော်ပြချက် (constitution)၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း မိတ္တူနှင့် ပြင်ဆင်/ ဖြည့်စွက်ခြင်းများရှိပါက ယင်းတို့၏ မိတ္တူ၊
- ❖ ယခင်ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်း။ (အဖွဲ့အစည်းအသစ်ဖြစ်ပါက တင်ပြရန် မလိုအပ်ပါ။)

## လျှောက်ထားချက်များအပေါ် အကြောင်းပြန်ကြားခြင်း

အကျိုးအမြတ်မယူသော အဖွဲ့အစည်းများမှ အခွန်ထမ်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့် အသိအမှတ်ပြု လျှောက်ထားခြင်းများအား လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း(၃၀) အတွင်း အကြောင်းပြန်ကြားသွားမည် ဖြစ်ပါသည်။

လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆုံးဖြတ်ချက်များအား ကျေနပ်မှုမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၄ အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်ပါသည်။

## နှစ်ချုပ်ကြေညာလွှာတင်သွင်းခြင်း

အကျိုးအမြတ်မယူသော အဖွဲ့အစည်းများအနေဖြင့် နှစ်ချုပ်ကြေညာလွှာများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး (၃) လအတွင်း ( ဥပမာ- ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၁ ဒီဇင်ဘာလအတွင်း) အောက်ပါအတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

- ❖ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ပါက အီလက်ထရောနစ်နည်းလမ်းကို အသုံးပြု၍ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၏အီးမေးလ် ctpsuird@gmail.com သို့ လည်းကောင်း၊
- ❖ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းများ ဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့လည်းကောင်း။

လစာနှစ်ချုပ်စာရင်းများကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက်မှစ၍ ဘဏ္ဍာနှစ်ကုန်ဆုံးပြီး (၃) လ အတွင်း ပေးပို့ရမည်။

## အခွန်ပေးဆောင်ခြင်း

လစာဝင်ငွေခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းခွန်များအား အောက်ပါအတိုင်း ပေးသွင်းနိုင်ပါသည်-

- ❖ Online မှတစ်ဆင့် အခွန်ပေးဆောင်နိုင်သော အဖွဲ့အစည်းများဖြစ်ပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းအမှတ်(MD-010134)သို့လည်းကောင်း၊
- ❖ Online မှတစ်ဆင့် အခွန်ပေးဆောင်နိုင်ခြင်းမရှိသော အဖွဲ့အစည်းများဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ငွေသွင်းချလန်ဖြင့် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း။

## စာရင်းမှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း

အကျိုးအမြတ်မယူသော အဖွဲ့အစည်းများသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်လိုအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ထမ်းများ၏သတင်းအချက်အလက်များအား အထူးအလေးထား၍ လျှို့ဝှက် ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

အခွန်ထမ်းမှတ်ပုံတင်လျှောက်လွှာပုံစံ၊ အသိအမှတ်ပြုလျှောက်လွှာပုံစံနှင့် နှစ်ချုပ်ကြေညာလွှာပုံစံများအား **www.ird.gov.mm၏ Home page > Media> Form for SAS Tax Offices** တွင် Download ရယူ၍ သော်လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ရုံးများတွင်လည်းကောင်း ဆက်သွယ်ရယူနိုင်ပါသည်။

ပင်ရင်းမှနုတ်ယူပေးသွင်းခြင်း၊ အီလက်ထရောနစ်နည်းဖြင့် လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် လက်ကမ်းစာစောင်များအား www.ird.gov.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ ဖက်စ်နံပါတ် ၀၁-၈-၃၈၉၃၁၁ ၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Websiteဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် ပုံစံများကို download ရယူ နိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

**အကျိုးအမြတ်မယူသောအဖွဲ့အစည်းများအား အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ သိကောင်းစရာများ**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**